**ပြည်သူလူထုတို့မှ SMEC EIA/SIA အဖွဲ့ရဲ့အဆင့်ဆင့်မိုင်းတုံရေကာတာ(အထက်သံလွင်)တည်ဆောက်မှုအတွက်ကန့်ကွက်ဆန္ဒပြမှုအသေးစိတ်အချက်အလက်**

**မတ်လ ၁၀ ရက်နေ့၂၀၁၅ ခုနှစ်**

ရှမ်းပြည်နယ်ကိုယ်စားလှယ်က SMEC တို့တောင်ကြီးပြည်သူလူထုတို့အားတွေ့ဆုံဆွေးနွေးမှုကိုဆန္ဒပြ



SMEC အဖွဲ့တို့သည် တောင်ကြီးမြို့ရှမ်းပြည်တောင်ပိုင်းအတွင်းဒေသခံပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ အဲ့ဒီတွေ့ဆုံမှုတွင်ရှမ်းတိုင်းရင်းသားတို့ရှိပြီး ၃၀ ကျော်တို့မှာ ရေကာထာ အလိုမရှိ၊ NO DAM ပါသည့်စားတန်းများကိုနဖူးတွင် စည်း ထားကြပြီးလက်ထဲတွင်ပိုစတာတို့ကိုပါကိုင်ဆောင်၍ရေကာတာတည်ဆောက်မှုကိုမလိုလားသဖြင့်လူအများရှေ့တွင်ကန့်ကွက်ဆန္ဒပြကြသည်။ EIA/SIA တို့ကိုအမျိုးမျိုးမေးခွန်းထုတ်ကြသည်။ ကုမဏီပိုင်ဝပ်ဆိုဒ်ဖြစ်သည့် မိုင်းတုံရေကာတာဝပ်ဆိုဒ် (www.mongtonhydro.com) တွင် တောင်ကြီးမှာပြုလုပ်သည့် ဒေသခံများနှင့် ဆွေးနွေးနေသည့်ပုံကိုသာ ဖေါ်ပြပြီး ဒေသခံအများပြည်သူများ ဆန္ဒပြကန့်ကွက်မှုများကို ထည့်သွင်းခြင်းမရှိပါ။

(http://www.mongtonhydro.com/eportal/ui?pageId=132488&articleKey=134488&columnId=132537)

**ဧပြီလ ၆ ရက်နေ့၂၀၁၅ ခုနှစ်**

SMEC တို့မိုင်းတုံရှိပြည်သူလူထုနှင့်တွေ့ဆုံမှုကို မိုင်းတုံမြို့ပြည်သူလူထု ၁၅၀ လောက်ကန့်ကွက်ဆန္ဒပြ

၂၀၁၅ဧပြီလ၆ရက်နေ့တွင်Australia’s Snowy Mountains Engineering Corporation (SMEC) ဩစ




တြေးလျှအဖွဲ့သည်ပြည်သူလူထုတွေနဲ့တွေ့ဆုံနေစဉ်မိုင်းတုံမြို့နယ်အတွင်းရှိပြည်သူလူထု(၁၅၀) ခန့်သည်သံလွင်ရေအားလျှပ်စစ်စီမံကိန်း (မိုင်းတုံရေဂါတာ)နဲ့ပတ်သက်ပြီးကန့်ကွက်ဆန္ဒပြထုတ်ဖော်ခဲ့ကြပါသည်။

မိုင်းတုံမြို့.မှအခြားသောဒေသခံပြည်သူလူထုကလည်းရေအားလျှပ်စစ်ရေကာတာနှင့်ပက်သက်ပြီးစိုးရိမ်ပူပန်နေကြပါသည်။ငြိမ်း ချမ်းမှုများမရရှိနိုင်သည့်အပြင်၊မြို့ရွာများ၊စေတီ၊ကျောင်း ကန်ပုထိုးအများအပြားလည်းရေလွှမ်းမည့်ဘေးဒုက္ခတွေနဲ့ကြုံတွေ ရမည့်ဖြစ်ပါသည်။အဆိုးဆုံးမှာ(ကွန်ဟိန်းမြို့)လည်းရေမြှ ပ်သွားနိုင်သောကြောင့်ပြည်သူလူထုကအားတက်သရောကန့်ကွက်ဆန္ဒပြ ထုတ်ဖော်ခဲ့ကြပါသည်။

ပြည်သူလူထုများနဲ့တွေ့ဆုံပွဲတွင်အများစုမှာမြန်မာစစ်အ စိုးရဌာနများတွင်တာဝန်ထမ်းဆောင်သူများ၊နယ်ခြားပြည်သူ့စစ် များဖြစ်ကြသည်။ပြည်သူလူထုမှာမကျေနပ်သဖြင့်(မိုင်းတုံမြို့.) ပိဋကတ်ကြီးကျောင်းတော်ကြီးသို့သွား၍ဆွမ်းကပ်အလှူလုပ်ခါရေ ချောင်း၊မြစ်ချောင်းများအစဉ်အမြဲပြည်သူလူထုအတွက်အမြဲတည်စေ ရန်ဆုတောင်းပထနာပြုကြပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသောကျားဖြူပါတီ၊ကျားခေါင်းပါတီတို့လည်းအဲ့ဒီနေ့တွင် သံလွင်ရေကာတာများတည်ဆောက်မှုကို လက်မခံကြောင်း ကန့်ကွက်စာများ ထုတ်ပြန်ခဲ့ပါသည်။**

**ဧပြီလ ၃၀ ရက်နေ့၂၀၁၅ ခုနှစ်**

**မိုင်းတုံရေကာ တာနှင့်ပတ်သက်ပြီး ကွန်ဟိန်းလူထု ၃၀၀ ဆန္ဒပြမည့်သတင်းကြောင့် သြစတြေးလျ ကုမ္ပဏီမှ အတိုင်ပင်ခံပုဂ္ဂိုလ်များ လူထုနှင့်တွေ့ဆုံပွဲရုပ်သိမ်းလိုက်ရ**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ပြည်သူလူထု (၃၀၀) ကျော်နှင့်အတူကွန်ဟိန်းမြို့ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စား လှယ်တို့က သံလွင်မြစ်ပေါ် အကြီးမားဆုံး မိုင်းတုံရေကာတာတည်ဆောက်မည့် လုပ်ငန်းအား ဆန့်ကျင်ဆန္ဒပြ မည် ဟု စီစဉ်ထားမှုကြောင့် ဧပြီလ(၃၀)ရက်နေ့က ပြည်သူလူထုနှင့်တွေ့ ဆုံရန် ပြင်ဆင်သည့် သြစတြေးလျ အတိုင်ပင်ခံပုဂ္ဂိုလ်များက လူထုနှင့် တွေ့ဆုံမည့်အစီအစဉ်ကို ဖျက် သိမ်းလိုက်ရပါသည်။






ရှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ကာလိ၊ ကွန်ဟိန်း၊ ကျိုင်းလွန်း၊ ကျိုင်းခမ်း၊ နောင်ချို၊ ဝိန်းဖွေး၊ ဟိုပန်၊ ဆိုင်ခေါင်၊ ဝမ်လောင်း၊ ခုံးပေါင်း၊ ဆိုင်ခေါင်ဂျမ်း၊ နားပေါင်း၊ ဝမ်ပတ်၊ နမ့်လမ့်၊ နားလိန်လျန် မှ ပြည်သူလူထု ၃၀၀ ကျော်နှင့် အတူ ကွန်ဟိန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က Australian , Snowy Mountains Engineering Corporation (SMEC) အား နမ့်ပန်ခန်းမတွင်စုဆုံကာ ဧပြီလ ၃၀ ရက် နေ့ မွန်းလွဲ ၁း၀၀ နာရီမှ ၃း၃၀ ထိ ဆန္ဒပြမည်ဟု သတင်းများထွက်ပေါ်ခဲ့ပါသည်။

ထို့ကြောင့် ဆန္ဒပြ ပြည်သူလူထု နှင့် ရှမ်းပြည်နယ်ကွန်ဟိန်းမြို့နယ် ကျားဖြူပါတီ၏ ပြည်သူ့ လွှတ် တော်ကိုယ် စားလှယ် နန်းဝါနုတို့သည် ကြေငြာချက်တစောင်ကို ထုတ်ပြန်လိုက်ပါသည်။

မိုင်းတုံ ရေကာတာတည်ဆောက်မှုကြောင့် ကွန်ဟိန်းမြို့နယ်အတွင်းရှိ ပြည်သူလူထုအပါအဝင် သမိုင်း ဝင် နေရာများပျက်စီးပျောက်ကွယ်မည်ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ငြိမ်းချမ်းရေးပျက်စီးဆုံး ရှုံးစေမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပါရှိပါသည်။

ကွန်ဟိန်ပြည်သူလူထုနှင့်တွေ့ဆုံမှုဖျက်သိမ်းမှုနောက်ပိုင်းတွင် SMEC တို့သည်လည်းပြည်သူလူထုတွေ့ဆုံမှုကိုရပ်စဲလိုက်သော်လည်း ဒေသအာဏာပိုင်တို့နှင့်သာဆွေးနွေးခဲ့ရသည်။

**မေလ ၂၀ ရက်နေ့၂၀၁၅ ခုနှစ်**

**ကွန်ဟိန်မြို့ပြည်သူလူထု ၃၀၀ ကျော်တို့ဆန္ဒပြမှုကြောင့် SMEC တို့အဖွဲ့ EIA/SIA တို့နှင့်တွေ့ဆုံမေးမြန်းချင်းကိုဖျက်သိမ်းလိုက်ရ**

ကွန်ဟိန်မြို့ပြည်သူလူထုတို့ SMEC တို့ကွန်ဟိန်မြို့ကို မေလ ၂၁ ရက်နေ့၂၀၁၅ တွင်လာရောက်ပြီး မိုင်းတုံရေကာတာတည်ဆောက်မှုအတွက် EIA/SIA လုပ်ဆောင်ရန်ကွန်ဟိန်ကိုလာရန်ပြင်ဆင်မှုကိုကွန်ဟိန်မြို့ပြည်သူလူထုကသိနေနှင့်သဖြင့် ဒေသခံပြည်သူလူထုတို့သည် မေလ ၂၀ ရက်နေ့၂၀၁၅ ခုနှစ်နံနက်ပိုင်းအချိန်တွင်မြို့အာဏာပိုင်တို့ထံ ဆနဒပြခွင့်စာတင်လိုက်ပြီးမေလ ၂၁ ရက် ၂၀၁၅ ခုနှစ် ၁၁ နာရီအချိန်တွင်နမ့်ပန်ခန်းမကနေပြီးကွန်ဟိန်မြို့တံတားအထိဆန္ဒပြမည်ဖြစ်သဖြင့်ပြည်သူလူထု၏လက်ထဲတွင်လည်း သံလွင်မြစ်ပေါ်ရေကာတာမဆောက်ရေး NO DAM ON SALWEEN ဆိုသည့်ဆိုင်းဘုတ်များကိုကိုင်ဆောင်ကြပါမည်။ သို့ရာတွင်ကွန်ဟိန်မြို့အာဏာပိုင်ဖြစ်သော ဦးကျော်ထင်သည် SMEC တို့အဖွဲ့လာမည်မဟုတ်ဟုကွန်ဟိန်မြို့ပြည်သူလူထုကိုိပြောဆိုသည်။ထိုသို့မလာသည့်အကြောင်းရင်းမှာပြည်သူလူထုတို့ကန့်ကွက်ဆန္ဒပြမှုကြောင့်ဟုဆိုသည်။

**မေလ ၂၂ ရက်နေ့၂၀၁၅ ခုနှစ်**

**မိုင်းတုံမြို့ရပ်မိရပ်ဖလူကြီး များ၏တောင်းဆိုမှုကြောင့် SMEC တို့မှာမိုင်းတုံမြို့တို့ကွင်းဆင်းလေ့လာမှုကိုဖျက်သိမ်းလိုက်ရ**

မေလအလယ်ပိုင်းလောက်တွင် SMEC ကွင်းဆင်းလေ့လာသူ ၄၅ ယောက်တို့ဟာ EIA/SIA တို့နှင့်ပတ်သက်ပြီးမိုင်းတုံမြို့တွင်လေ့လာလုပ်ဆောင်ခဲ့သည်။ မေလ ၁၄ ရက်နေ့ကနေမေလ ၁၉ ရက်နေ့၂၀၁၅ နှစ်အထိ SMEC ကုမဏီလုပ်သား ၂၅ ယောက် နှင့် လားဟူပြည်သူ့စစ်တပ်နှင့် အတူ ( နောင်လေ၊ လွယ်ခ နှင့် လွယ်ယို) လွယ်ခမ်းလုံအကြား မိုင်းတုံအမြောက်ပိုင်းအတွင်းတွင်ပြည်သူလူထုတို့အားလေ့လာကွင်းဆင်းစစ်ဆေးခဲ့သည်။

မေလ ၂၀ ရက်နေ့၂၀၁၅ ခုနှစ်တွင်ကွင်းဆင်းလေ့လာသူအဖွဲ့ ၈ ယောက်တို့သည်ရှမ်းရွာဖြစ်သော မဲကင်၊ မောက်စလီ၊ မောက်ပေါင်းဟွမ် မိုင်းတုံမြို့တောင်ပိုင်းတို့ဘက်ကိုသွားသည်။ ထိုရွာများမှ ရွာသူရွာ

များအား လျှပ်စစ်မီးကြိုး နှင့် မီးတိုင်များ ထိုင်းနိုင်ငံသို့ သွယ်တန်းနိုင်ရေးအတွက် အချက်အလက်ကောက်ယူခဲ့ပါသည်။ ကွင်းဆင်းလေ့လာသူအဖွဲ့တို့မှာရပ်သူရွာသားတွေကိုတွေ့ဆုံပြီးလွယ်အိပ်နှင့်စားစရာမုန့်ကိုပေးပြီးသူတို့စာချုပ်ပေါ်တွင်လက်မှတ်ထိုးခိုင်းသည်။ ဒေသခံပြည်သူလူထုပြောပြချက်အရ 'ကုမဏီတို့ပြောတာကတော့လက်မှတ်ထိုးရမည်ဖြစ်သည့်အတွက်ကြောင့်ဒေသခံပြည်သူလူထုလည်းလက်မှတ်ထိုးလိုက်ကြသည်။ကုမဏီအဖွဲ့မှဒီရေကာတာတည်ဆောက်မှုကိုပြောပြရှင်းလင်းခြင်းမရှိသည့်အတွက်ရေကာတာတည်ဆောက်မှုစီမံကိန်းနှင့်ပတ်သက်ပြီးဘာမှလည်းမသိရကြောင်းပြောဆိုပါသည်။အချို့ရပ်သူရွာသားပြောပြချက်အရကတော့ဒီ SMEC အဖွဲ့သည်လည်းရေကာတာတည်ဆောက်မှု၏ကောင်းကျိုးကိုသာပြောပြပြီးမီးရမည်ကိုသာပြောပါသည်။မေးခွန်းတွေကိုလည်းမဖြေကြားလိုခဲ့ပေ။

မေလ ၂၁ ရက်နေ့၂၀၁၅ ခုနှစ် တွင်လည်း SMEC မှကွင်းဆင်းလေ့လာသူတို့မှာ နမ့်ဟူးခွန်ရွာ ဟွေအောရွာနှင့် မိုင်းဟန် မိုင်းတုံတောင်ပိုင်းတို့မှပြည်သူလူထုတို့ကိုတွေ့ဆုံသော်လည်းအများပြည်သူ့တို့မှာကုမဏီတို့၏အတင်းလက်မှတ်ထိုးခိုင်းမှုပေါ်တွင်စိတ်မကောင်းဝမ်းနည်းနေကြရသည်။မိုင်းတုံမြို့ပြည်သူလူထုများ၊ပြည်သူလူထုခေါင်းဆောင် ၁၀ ယောက်သည် SMEC အဖွဲ့ကိုညနေပိုင်း ၈ နာရီလောက်တွင်တွေ့ဆုံပြီးဒေသခံပြည်သူလူထုအပေါ်အတင်းလက်မှတ်ထိုးခိုင်းမှုကြောင့် SMEC ကိုထွက်ခွာရန်ပြောခဲ့သည်။SMEC ပြောပြချက်အရသူတို့ကအာဏာပိုင်များထံတွင်ခွင့်ရသဖြင့်ရေကာတာစီမံကိန်းကိုလက်တွေ့လုပ်ဆောင်မည်ဟုဆိုသည်။သို့ရာတွင်နောက်ဆုံတော့လည်းသူတို့အဖွဲ့တို့မှာဒေသခံပြည်သူလူထုတို့၏မလိုလားမှုကြောင့်နှုတ်ထွက်လိုက်ရသည်။

မေလ ၂၂ ရက်နေ့၂၀၁၅ ခုနှစ်တွင် SMEC မှကွင်းဆင်းလေ့လာသူ ၄၅ ယောက်အားလုံးတို့လည်းမိုင်းတုံဒေသတွင်းမှနှုတ်ထွက်ခဲ့သည်။သူတို့လုပ်ဆောင်နေသောလုပ်ဆောင်မှုလည်းပြီးဆုံးမှုမရှိပေ။

**ဇွန်လ ၄ ရက်နေ့၂၀၁၅ ခုနှစ် SMEC တို့အဖွဲ့တို့သည်မိုင်းတုံရေကာတာတည်ဆောက်မှုနှင့်ပတ်သက်ပြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများပါဝင်သည့်တံခါးပိတ်ဆွေးနွေးပွဲကျင်းပချိန်တွင်ကျားဖြူပါတီကိုယ်စားလှယ်လွှတ်တော်တို့မှကန့်ကွက်ဆန္ဒပြထုတ်ပြန်ချက်ကိုထုတ်ပြန်ခဲ့သည်။**

ဇွန်လ ၄ ရက်နေ့၂၀၁၅ ခုနှစ်တွင် SMEC တို့အဖွဲ့နှင့် မိုးနယ်မြို့တွင်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများပါဝင်သည့်တံခါးပိတ်ဆွေးနွေးပွဲကျင်ပချိန်ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်း

မောင်ဂျီးမှရေကာတာတည်ဆောက်မှုကိုကန့်ကွက်ထုတ်ပြန်ခဲ့သည်။မိုးနယ်ပြည်သူလူထုနှင့်လယ်သမားများမှလည်း SMEC သို့ကိုရေကာတာတည်ဆောက်မှုကိုကန့်ကွက်စာပေးပို့ခဲ့သည်။